ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ပင်စင်ဦးစီးဌာန**

စာအမှတ်၊ပင်စင်/စီမံ-၁/ ၄၂ / ခ /(၅၈၀၆ / ၂၀၁၇)

ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်

အကြောင်းအရာ။ **ကွယ်လွန်သူ အငြိမ်းစားများအတွက် ထုတ်ပေးနိုင်ရန် ကျန်ရှိသော ပင်စင်ငွေများ ထုတ်ပေးခြင်းကိစ္စ**

ရည် ညွှန်း ချက်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၆ - ၉ - ၂၀၁၇ ရက်စွဲပါ စာအမှတ်၊ စဘ/ ဘဏ္ဍာ- ၁/ ၁ / ၁၉ ( ၆၁၃၈/ ၂၀၁၇ )

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် စပ်လျဉ်း၍ အငြိမ်းစားများကွယ်လွန်ခဲ့လျှင် ပင်စင်လစာကျန်ငွေများကို တရားဝင် အမွေစားအမွေခံများ လျင်မြန်လွယ်ကူစွာ ထုတ်ယူခံစားခွင့် ရရှိနိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ- ၂၅၂၊ နည်းဥပဒေခွဲ ( ဌ ) နှင့်အညီ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ဆက်လက်တင်ပြခြင်းမပြုဘဲ ပင်စင်ဦးစီးဌာနအနေဖြင့် လိုအပ်သလို စိစစ်၍ အမွေစားအမွေခံများအား တိုက်ရိုက်ထုတ်ပေးနိုင်ရေး ဆောင်ရွက်ခွင့်ပြုပါရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြခဲ့ပါသည်။

၂။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အထက်ရည်ညွှန်းပါစာဖြင့် ကွယ်လွန်သူ အငြိမ်းစားများ၏ ပင်စင်လစာကျန်ငွေ ပြောင်းလဲထုတ်ပေးခွင့်အတွက် **“ငွေပမာဏ ကျပ်(၁၀) သိန်း အထိအား ပင်စင်ဦးစီးဌာနက လိုအပ်သလို စီစဉ်ဆောင်ရွက်ခွင့်ပြုပါရန်နှင့် ငွေကျပ် ( ၁၀ ) သိန်း ထက်ကျော်လွန်သည့် လစာကျန်ငွေကိစ္စရပ်များကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ တင်ပြဆောင်ရွက်ပါရန်”** ဟု ညွှန်ကြားလာပါသည်။

၃။ သို့ဖြစ်ပါ၍ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ကွယ်လွန်သူအငြိမ်းစားများအတွက် ထုတ်ပေးရန်ကျန်ရှိသော ပင်စင်လစာငွေနှင့် ပတ်သက်၍ အောက်ဖော်ပြပါအတိုင်း တာဝန်ယူဆောင်ရွက်ပေးရန် အကြောင်းကြားပါသည်-

(က) ထုတ်ပေးရန်ကျန်ရှိသော ပင်စင်လစာငွေ ကျပ် ၁၀၀၀/- ( ကျပ် တစ်ထောင်တိတိ ) မှ ကျပ် ၅၀၀,၀၀၀/- ( ကျပ် ငါးသိန်းတိတိ ) အထိ ငွေပမာဏအား စိစစ်၍ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများက တာဝန်ယူခွင့်ပြု ဆောင်ရွက်ရန်။

(ခ) ခွင့်ပြုရမည့်ငွေကျပ် ၅၀၀,၀၀၁/- ( ကျပ် ငါးသိန်းတစ်တိတိ) မှ ကျပ် ၁,၀၀၀,၀၀၀/-(ကျပ်တစ်ဆယ်သိန်းတိတိ) အထိ လစာကျန်ငွေများကို စနစ်တကျ စိစစ်၍ ဦးစွာခွင့်ပြုပေးပြီး၊ ခွင့်ပြုဆောင်ရွက်ပြီးစီးကြောင်း ရုံးချုပ်သို့ မပျက်မကွက်အစီရင် ခံစာတင်ပြရန်။

(ဂ) ခွင့်ပြုရမည့် ငွေကျပ် ၁,၀၀၀,၀၀၁/- ( ကျပ် တစ်ဆယ်သိန်းတစ်တိတိ)နှင့် အထက်ကျော်လွန်သော လစာကျန်ငွေများကို ပင်စင်ဦးစီးဌာန၊ ရုံးချုပ်သို့ အမှုတွဲပေးပို့ဆောင်ရွက်ရန်။

၄။ ဤစာကို လက်ခံရရှိကြောင်း ပြန်လည်တင်ပြရန်ဖြစ်ပါသည်။

( ခင်မောင်ဝင်း )

ညွှန်ကြားရေးမှူးချုပ်

အမှတ်(၁/၂) ပင်စင်လုပ်ငန်းကြီးကြပ်ကွပ်ကဲရေးအဖွဲ့

တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများအားလုံး

ရုံးတွင်းဌာနခွဲအားလုံး

ရုံးလက်ခံ

မျှော